American University of Yangon

11A Inya Road, Yangon, Myanmar | 09 77 9000 900 |
hello@au.edu.mm | www.au.edu.mm | fb.com/au.edu.mm

# Non-partnerကျောင်းများသို့ လျှောက်ထားသည့် Transfer Applicationများအတွက် သိရှိထားရမည့် အချက်များ

**အမေရိကန်တက္ကသိုလ်ရန်ကုန်(AUY)နှင့် ချိတ်ဆက်မထားသော Non-partnerတက္ကသိုလ်များသို့ လျှောက်ထားလိုသော ကျောင်းသားကျောင်းသူများအနေနှင့် အောက်ပါအချက်များကို သဘောတူလိုက်နာရန်လိုအပ်ပါသည်။**

<u>ကျောင်းသားကိုယ်တိုင်နှင့် မိဘ(သို့)အုပ်ထိန်းသူကိုယ်တိုင် နားလည်သဘောတူရပါမည်။</u>

၁။ ကျောင်းသားများအနေနှင့် non-partnerတက္ကသိုလ်များသို့ လျှောက်ထားခြင်းနှင့်ပတ်သက်၍ AUY ထံမှ အကြံဉာဏ်/အကူအညီ တောင်းခံနိုင်ပါသည်။ သို့သော်လည်း ထိုသို့လျှောက်ထားသည့် ကျောင်းသား/သူအား non-partnerတက္ကသိုလ်မှ ဝင်ခွင့်ပေးခြင်း၊ မပေးခြင်းနှင့်ပတ်သက်၍ AUတွင် တာဝန်မရှိပါ။ အကြောင်းမှာ

- AUYနှင့် CASသည် ကျောင်းသား/သူများ၏ school applicationအခြေအနေများနှင့်ပတ်သက်၍ အချိန်မရွေး မေးမြန်းပိုင်ခွင့်ရှိပြီး ကျောင်းသား/သူများကလည်း မိမိတို့ school applicationအခြေအနေများကို မှန်ကန်စွာ တင်ပြရမည်။
- AUYနှင့် CASသည် Non-partnerတက္ကသိုလ်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များနှင့် ပတ်သက်၍ မည်သည့်တာဝန်မှုမရှိပါ။ ကျောင်းသား/သူများမှ တောင်းဆိုပါက transferပြုလုပ်ရန် ဖြစ်နိုင်သည့် တက္ကသိုလ်များကို AUYမှ အကြံပြုပေးနိုင်သော်လည်း အမှန်တကယ် transferပြုလုပ်မည့် တက္ကသိုလ်ကို ရွေးချယ်ခြင်းမှာ ကျောင်းသား/သူ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်သာဖြစ်သည်။
- AUY, CASတို့နှင့် non-partnerတက္ကသိုလ်များကြား မည်သည့်သဘောတူညီချက်မှုမရှိသည့်အတွက် ကျောင်းသား/သူများအနေနှင့် မိမိတို့လျှောက်ထားသော non-partnerတက္ကသိုလ်များထံသို့ ကျောင်းဝင်ခွင့်၊ AUYတွင် သင်ယူထားသော creditများ transferပြုလုပ်နိုင်ခွင့်တို့သည် ထိုတက္ကသိုလ်၏ ဆုံးဖြတ်ချက်သာဖြစ်ပြီး AUYနှင့် CASတို့နှင့် မည်သို့မှုမသက်ဆိုင်ပါ။
- ထို non-partnerတက္ကသိုလ်များ၏ ဝင်ခွင့်သည် လျှောက်ထားသော ကျောင်းသား/သူတို့၏ ပညာရေးအဆင့်များ (AUYတွင် ရရှိခဲ့သော gradeများအပါအဝင် အခြားမိမိတို့တက်ရောက်ဖူးသော ကျောင်းများတွင် ရရှိခဲ့သော gradeများ) နှင့် ထိုတက္ကသိုလ်များ၏ ဝင်ခွင့်သတ်မှတ်ချက်များပေါ်တွင်သာ လုံးဝမူတည်သည်။

၂။ AUY၏ ISP Programကို အပြည့်အစုံ မပြီးသေးသော ကျောင်းသား/သူများကို အမေရိကန်ရှိတက္ကသိုလ်များမှ Lower Division Transfer Studentsများအဖြစ်သာ သတ်မှတ်ပြီး ထိုသို့သော ကျောင်းသား/သူများအတွက် ကျောင်းဝင်ခွင့်လိုအပ်ချက်များ၊ တင်ပြရမည့် စာရွက်စာတမ်းများ၊

transferပြုလုပ်နိုင်မည့် creditအရေအတွက်များ စသည့် အခြားကျောင်းဝင်ခွင့်အချက်အလက်များ ကွာခြားသွားမည်ဖြစ်သည်။

၃။ ကျောင်းသား/သူများသည် AUYနှင့် ချိတ်ဆက်မထားသော non-partnerတက္ကသိုလ်များသို့ လျှောက်ထားရာတွင် ထိုတက္ကသိုလ်များ၏ သတင်းအချက်အလက်များ (ဝင်ခွင့်လိုအပ်ချက်များ၊ လျှောင်လွှာတင်ရမည့် နေ့စွဲများ၊ တင်ပြရမည့် စာရွက်စာတမ်းများ၊ ကုန်ကျစရိတ်များ၊ ပညာသင်ဆု၊ ဗီဇာလျှောက်ထားခြင်း စသဖြင့်)တို့ကို သိရှိရန်မှာ ကျောင်းသား/သူကိုယ်တိုင်၏ တာဝန်သာဖြစ်သည်။ ကျောင်းလျှောက်ထားခြင်းအဆင့်များကို ကျောင်းသား/သူကိုယ်တိုင် ပြုလုပ်ရမည်ဖြစ်ပြီး လျှောက်လွှာခစရိတ်ကိုလည်း ကျောင်းသား/သူကသာ ကျခံရမည်ဖြစ်သည်။ ကျောင်းသား/သူဘက်မှ တောင်းဆိုလာပါက AUYနှင့် CASတို့မှ လိုအပ်သည့် အကူအညီများကို ထောက်ပံ့ပေးပါမည်။ သို့သော်လည်း အခြားဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များနှင့် ပတ်သက်၍ AUYနှင့် CASတို့တွင် တာဝန်မရှိပါ။

၄။ Official AUY ISP Transcriptကို CASမှ ထုတ်ပေးမည်ဖြစ်ပြီး ကျောင်းသား/သူများ ပို့စေလိုသောလိပ်စာသို့ AUY(သို့) CASတို့မှ ပို့ဆောင်ပေးပါမည်။ Official Transcriptတောင်းခံရန်အတွက် AUYမှ သတ်မှတ်ထားသော Request Formကို ဖြည့်ရမည်ဖြစ်ပြီး physical copyပို့ဆောင်ရန် ကျသင့်မည့် mailing feesကို ကျောင်းသား/သူမှ ပေးဆောင်ရမည်။

- ကျောင်းသား/သူများ ပေးပို့လိုသော လိပ်စာအပြည့်အစုံ (ကျောင်းအမည်၊ နိုင်ငံ၊ zip code၊ လက်ခံရရှိမည့်သူ၏ အမည်၊ ရာထူး၊ email address)ကို Transcript Request Formတွင် ဖြည့်စွက်ရမည်။
- ဗီဇာလျှောက်ထားရန်အတွက် Transcriptလိုအပ်ပါက AUYထံသို့ တောင်းဆိုနိုင်ပါသည်။
- Unofficial Transcriptကိုလည်း AUYထံသို့ လျှောက်ထားနိုင်ပါသည်။

Non-partner တက္ကသိုလ်များသို့ လျှောက်ထားခြင်းနှင့် ပတ်သက်သည့် အထက်ဖော်ပြပါ အကြောင်းအရာများကို ကျွန်တော်/ကျွန်မ ____________________ (ယခင်က/ လက်ရှိ AUYတွင် တက်ရောက်နေသော ကျောင်းသား/သူ) နှင့် ကျွန်တော်/ကျွန်မ၏ မိဘ/အုပ်ထိန်းသူတို့ နားလည်သဘောတူပါသည်။

ကျောင်းသား/သူ - ______________________ ____________ ________________

(အမည်) (လက်မှတ်) (နေ့စွဲ)

မိဘ/ အုပ်ထိန်းသူ - ______________________ ____________ ________________

(အမည်) (လက်မှတ်) (နေ့စွဲ)